ထိုမှန်ကန်သည့်စကားသည် ဂျင်န်က (ကောင်းကင်တမန်များထံမှ) အလျင်အမြန်သုတ်ယူလာပြီး

မိမိ၏မိတ်ဆွေ (နက္ခတ်ဗေဒင်အကြားအမြင်ဆရာ)၏နားထဲသို့ကြက်မတစ်ကောင်၏အသံကဲ့သို့ ပြောကြားလိုက်သည့်

စကားသာဖြစ်သည်။ ၎င်းနက္ခတ်ဗေဒင်အကြားအမြင်ဆရာများသည်ထိုစကားအား မုသားစကား တစ်ရာဖြင့် ရောထွေးလိုက်ကြသည်။

အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ပြောပြခဲ့သည်။ လူတို့သည်
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လာဟုအလိုင်းဟိဝစလ္လမ်)အား
နက္ခတ်ဗေဒင်အကြားအမြင်ဆရာများနှင့် ပတ်သက်၍ လျှောက် ထားမေးမြန်းခဲ့ကြရာ
ကိုယ်တော်က ၎င်းတို့သည် ဘာမှမဟုတ်ချေဟု ဖြေကြားတော်မူသည်။ ထိုအခါ လူတို့က အို -
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် တစ်ခါတစ်ရံ ၎င်းတို့သည် ကျွန်တော်တို့အား
တစ်စုံတစ်ရာ ပြောကြားလိုက်ရာ ထိုကိစ္စသည်အမှန်ဖြစ်နေပါသည်ဟု လျှောက်ထားကြသည်။ထိုအခါ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လာဟုအလိုင်ဟိဝစလ္လမ်)က
မိန့်ကြားတော်မူသည်မှာ - ထိုမှန်ကန်သည့်စကားသည် ဂျင်န်က (ကောင်းကင်တမန်များထံမှ)
အလျင်အမြန်သုတ်ယူလာပြီး မိမိ၏မိတ်ဆွေ (နက္ခတ်ဗေဒင်အကြားအမြင်ဆရာ)၏နားထဲသို့
ကြက်မတစ်ကောင်၏အသံကဲ့သို့ ပြောကြားလိုက်သည့် စကားသာဖြစ်သည်။
၎င်းနက္ခတ်ဗေဒင်အကြားအမြင်ဆရာများသည် ထိုစကားအား မုသားစကား တစ်ရာဖြင့်
ရောထွေးလိုက်ကြသည်။
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် အနာဂတ်တွင်ဖြစ်လာမည့်အကွယ်အကြောင်းအရာများကို ဟောကြားသူများနှင့်ပတ်သက်၍ မေးမြန်းခြင်းခံရသည်။ ထိုအခါကိုယ်တော်က အသင်တို့သည် ၎င်းတို့ကို ဂရုမစိုက်ကြလေနှင့်။ သူတို့၏စကားကိုနားမထောင်ကြလေနှင့်။ သူတို့၏ကိစ္စကို အရေးမစိုက်ကြလေနှင့်ဟု ဖြေကြားခဲ့သည်။ ထိုအခါမေးမြန်းသူများက ၎င်းတို့၏စကားသည် တစ်ခါတစ်ရံတွင် အဖြစ်မှန်နှင့် ကိုက်ညီသည်လည်းရှိပါသည်။ အကယ်၍ ၎င်းတို့က အကွယ်ရှိကိစ္စရပ်တစ်ခုအား မည်သည့်လ၊ မည့်သည့်နေ့တွင်ဖြစ်မည်ဟု အသိပေးပြောကြားလိုက်ရာ ထိုကိစ္စသည် ၎င်းတို့စကားအတိုင်း ဖြစ်လာခဲ့သည်ဟုလျှောက်ထားခဲ့ကြသည်။ ထိုအခါ ကို‌ယ်တော်မြတ် (ဆွလ္လာဟုအလိုင်းဟိဝစလ္လမ်)ကမိန့်ကြားတော်မူသည်မှာ ဂျင်န်များသည် မိုးကောင်းကင်မှကြားရသော စကားကိုအလျင်အမြန်သုတ်ယူလာကာ မိမိ၏မိတ်ဆွေ နက္ခတ်ဗေဒင်အကြားအမြင်ဆရာများထံ ဆင်းလာကြပြီးသူတို့ကြားခဲ့သမျှကို ၎င်းတို့အား သတင်းပေးကြသည်။ ၎င်းနောက်ထိုနက္ခတ်ဗေဒင်အကြားအမြင်ဆရာက သူနားထောင်ခဲ့သည့် မိုးကောင်းကင်သတင်း၌မုသားစကားတစ်ရာထပ်ထည့်လိုက်ကြသည်။

http://www.sunnah.global/hadeeth/my/show/8918